
လွမ်းကြပါတော့
EDN

လွှမ်းကြပါတော့

# သခင်ဗသိန်းတင် (၁၉၁၄-၉၇)



# လွှမ်းကြပါတော့ ရဲဘော်တို့ရေ

ရဲဘော်တို့ရေ

# လွှမ်းကြပါတော့

၁။

ရဲဘော်တို့
မိတ်ဆွေတို့
ပြည်သူလူထု အပေါင်းတို့
စိမ်းစိမ်းညို့ညို့ တောင်တန်းတွေကို ဖြတ်ကျော်
သံလွင်ပေါ်ကနေ ဧရာဝတီ
ဒုဋ္ဌဝတီ၊ ချင်းတွင်း၊ စစ်တောင်း
မြစ်ရိုး၊ ချောင်းဖျား
ရွာကြား၊ မြောင်းကြား
တောကြား၊ လယ်ကွင်း
အိမ်တွင်း၊ တဲတွင်း
ဆားကျင်း၊ သတ္တုတွင်း
မိုင်းတွင်းတွေထဲ
လူထုထဲအနှံ့
ဖြန့်ကျက်လိုက်တဲ့ အသံ
ထားဝယ်သံ ဩဩကြီးနဲ့
ဥက္ကဋ္ဌကြီးရဲ့ အဖွင့်နှုတ်ခွန်း
ပဋ္ဌမဆုံးသော
ပြည်သူတရပ်လုံးသို့ မိန့်ခွန်းဟာ
မြရာတောလယ် ကြွေခ
ကြယ်စင်မြများကို အလေးပြုရင်း
အရှင်းလင်းဆုံး ဖေါ်ပြ
အလယ်ရိုးမရဲ့ ဗဟိုချက်
ရှမ်းကုန်းပြင်မြင့်ဘက်က ဆက်ခံ
တော်လှန်တဲ့ သမိုင်းကြောင်း
သွေးသစ်လောင်း နှိုးဆော်

ရဲဘော်တို့
ကြိုးစင်ပေါ်မှာ ထောင်ထဲမှာ
တရားရုံးမှာ အချုပ်ဂါတ်ထဲမှာ
ဘယ်နေရာမှာ ဖြစ်ဖြစ်
ဘယ်နေရာ ရောက်ရောက်
ဘယ်တော့မှ ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူး
ဒူးမထောက်ရဘူးတဲ့
ရင်ထဲကိုစူးဝင်
နားဆင်လိုက်ရ
ဘယ်တော့မှ မမေ့စရာ
ဒါ
ဥက္ကဋ္ဌကြီးရဲ့အသံ
ဒုတိယမွိုကြားမိဖူးခြင်းပါ။

ပဋ္ဌမဆုံးအကြိမ်က
ကျနော်အသက်က ဆယ့်သုံးလေးနှစ်
၁၉၆၇ ခုနှစ်
ဗမာပြည်မှာ ဆန်ပြဿနာ စပေါ်တဲ့နှစ်
တရုတ်ဗမာ အရေးအခင်းဖေါ်တဲ့နှစ်
ပီကင်းအသံ လေလှိုင်းကြားက
ဥက္ကဋ္ဌကြီးရဲ့ စကားပြောသံ
သာမန်အလယ်တန်း ကျောင်းသားလေးအဖြစ်
လှစ်ကနဲ တဝက်တပြက်
လျပ်တပြက် ကြားဖူးတယ်။
၁၉၈၁
မင်းရန်အောင်ထိုးစစ် ပြီးတဲ့နောက်ပိုင်း

## လွှမ်းကြပါတော့

တတိုင်းပြည်လုံးသို့ ရှင်းပြချက်
ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတဲ့ ဇာတ်ကြောင်း
ပြည်သူအပေါင်းသို့ တင်ပြချက်
သမိုင်းစာမျက်နှာထက် တင်ထားရမယ့်
ဗမာပြည်မှာ –
ပါတီစုံဒီမိုကရေစီ ကျင့်သုံးရေး
ပြည်တွင်းစစ် ရပ်စဲရေး
အမျိုးသား သွေးစည်းညီညွတ်ရေး တောင်းဆိုသံ
အမိနိုင်ငံရဲ့ရှေ့ရေး မျှော်တွေးထောက်ရှု
လူထုအကျိုးစီးပွားဘက်က
ထာဝရရပ်တည်ရင်း၊ ရှင်းလင်းမြွက်ဟ
ဥက္ကဋ္ဌကြီးရဲ့ စကားသံ ၊ပြည်သူ့အသံနားထောင်ရင်း
အမှောင်တွင်းကနေ ကြားရ
ဒါ တတိယအကြိမ်မြောက်ပါ။

၁၉၈၉
မုတ်သုန်မိုးက သည်းထန်းဆဲ
စစ်ဘီလူးသူရဲများရဲ့ ကောင်းမှုနဲ့
၈၈ ခုနှစ် အရေးတော်ပုံကြီးအတွင်း
ကွန်မြူနစ်ပါတီတွင်း ခေါင်းဆောင်ကြီးများရဲ့
လူထုလှုပ်ရှားမှု ဒီရေအပေါ် အကဲဖြတ်ချက်
လေးလေးနက်နက် ဆွေးနွေးနေဟန်
အပြန်အလှန် ပြောနေကြနေပုံတွေ
ဗီဒီယိုအခွေကနေ တဆင့်
ထုတ်လွှင့်ပြတာ ကြည့်ရရင်း
ကြယ်နီဦးထုပ်တဝင်းဝင်းနဲ့ ဥက္ကဋ္ဌ
ခပ်ဖွဖွပြုံးပြီးပြော

ကိုယ့်ကိုများပြောလိုက်သလားထင်ရ ...
ကျနော်တို့ ရဲဘော်တွေက
လက်ဝဲကျလိုက်တာ၊ မဆလထဲဝင်လုပ်နိုင်း
အလုပ်လုပ်နိုင်းရင်၊ မလုပ်ချင်ကြဘူးတဲ့
ရေရှည်အမြင်နဲ့ တော်လှန်ရေး
အလေးပေးဖွင့်ဟ
ဥက္ကဋ္ဌကြီးရဲ့စကားသံ
စတုတ္ထမှိုကြားဖူးတယ်။

ဥက္ကဋ္ဌကြီးကို ကျနော်ဟာ
တခါမှမတွေ့ဖူးပါ
ဒါပေမဲ့ သိနေတယ်
ဥက္ကဋ္ဌကြီးနဲ့ကျနော်ဟာ
တခါမှစကားမပြောဖူးပါ
ဒါပေမဲ့ကြားနေတယ်။

(၂)

သခင်ဗသိန်းတင်ဆိုတာ
တို့ဗမာအစည်းအရုံးဝင်
သခင်တယောက်အဖြစ်ကနေ
ဥရောပ တစ္ဆေကြီးရဲ့ဝိဉာဉ်ကို
သခင်အောင်ဆန်း၊ သခင်သန်းထွန်း
သခင်ဗဟိန်းတို့နဲ့အတူတူ
ဂုဏ်ယူစွာ ပူးကပ်
ကြီးမြတ်တဲ့ပါတီ
စတင်တည်ခဲ့တဲ့သူတွေထဲ

# လွမ်းကြပါတော့

မျိုးစေ့ကြဲသူတယောက်အဖြစ် စာရင်းထိုး
မော်ကွန်းထိုးရမယ့် ပုဂ္ဂိုလ်တဦးပါ…

မြေအောက်ပါတီအဖြစ်
အကျစ်လစ်ဆုံး တည်ဆောက်
အပြောင်မြောက်ဆုံး ဖွဲ့စည်း
ဘုံခရီးကို ချီတက်ရင်း
ဆင်းရဲချိုငဲ့
ပစ္စည်းမဲ့တို့ရဲ့ အကျိုး
သယ်ပိုး ရှေ့ဆောင်
အမှောင်ထဲက ကြယ်နီ
အမိပြည်ရဲ့ လွတ်လပ်ရေး
နယ်ချဲ့ဆန့်ကျင်ရေးတာဝန်
ကြေကြေပြွန်ပြွန် ထမ်းခဲ့တယ်။

တကမ္ဘာလုံး
အုံးအုံးကြွက်ကြွက်ဖြစ်ရ
ဖက်ဆစ်ဝါဒ ခေါင်းထောင်
မာန်တစောင် စောင်နဲ့ပေါ်လာ
ချိန်ဘာလိန်တို့လေပြေထိုး
အရိုးအရင်းတွေ ချကျွေးပစ်
မြူနစ်စာချုပ်တွေ ချုပ်နေစဉ်
ဒီမိုထရော့ အစီရင်ခံစာ
ဗမာပြည်ကွန်မြူနစ်များနားလည်
နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရာက
ဝင်လာတဲ့ဂျပန်ဖက်ဆစ်
ဘီလူးအသစ်တွေကိုလဲ မောင်ထုတ်ရေး

ဖက်ဆစ်တော်လှန်ရေးကြီးဆင်နွှဲ
ရဲရဲရင့်ရင့်သမိုင်းကြောင်း
သွေးနဲ့ လောင်းပြီး ကမ္ပည်းဆင်
ကြယ်ဖြူတပွင့် အလံနီကိုတင်တဲ့အခါ
သခင်ဗသိန်းတင်ဟာ
တိုင်း(၅)မှာ နိုင်ငံရေးမှူး
တပ်ဦးကပါခဲ့တဲ့
တကယ့် ခေါင်းဆောင်တဦးဖြစ်ခဲ့တယ်။

ဂျပန်ကို မောင်းထုတ်ပြီး
ဒုတိယကမ္ဘာစစ်ကြီးလဲပြီးသွား
ဆင်မလားရောက် မျက်နှာဖြူဟာ
စက္ကူဖြူစီမံကိန်းကို တကိုင်ကိုင်နဲ့
အမိနိုင်ငံအတွင်း ပြန်ရောက်
နောက်တခေါက် ကျွန်ပြုရန်
ကုလားဖန် အလီလီထိုး
အမျိုးမျိုးညစ်ပတ်
ကိုလိုနီဇာတ်ကို ဆက်ပြီးက
အမှောင်ညကြီး ရှည်ချိန်မှာ
အမိဗမာပြည်ရဲ့ မိုးသောက်ရေး
လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်
တူတံဇဉ်ကို လွှင့်ထူရင်း
အဝင်းပဆုံး ရွှန်းပြက်
လင်းလက်ခဲ့ကြတဲ့ ကြယ်နီတွေထဲ
သခင်ဗသိန်းတင်လဲ ပါခဲ့တယ်။

## လွှမ်းကြပါတော့

(၃)

လွတ်လပ်ရေးကြီး
ကျေညာအပြီး
အမျိုးသား သွေးစည်းညီညွတ်ရေး
ဟစ်ကြွေးရမယ့်အချိန်မှာ...
ကျောက်ကြီးပေါက် အရောက်တက်
လက်နက်ကိုင် တော်လှန်ရေး
ဟစ်ကြွေးပြီးဖေါ်ခဲ့ရ
ရိုးမကို သက်သေတင်
အာဏာရှင်တွေနဲ့ ပြိုင်ဆိုင်ရင်း
'ရန်ပုံခွင်း'နဲ့ စခဲ့ရ
'သမိုင်းဇ'နဲ့ ကြယ်နီ
အစချီကတည်းက ပါဝင်
သခင်ဗသိန်းတင်ဆိုတာ ရာသက်ပန်တော်လှန်ရေးသမား
မားမားမတ်မတ် ပြခဲ့တယ်။
နောက်ပိုင်း
ဂန္ဓလရာဇ်တိုင်းဆီ ခရီးဖေါက်
အဝေးရောက်တာဝန်
ကြေပြွန်အောင် ထမ်းဆောင်ရင်း
ပြတ်သားခြင်းနဲ့ ပျော့ပျောင်းမှု
စံပြုလောက်အောင် ပေါင်းစပ်
မြင့်မြတ်တဲ့ နာယကဂုဏ်
အပြည့်စုံဆုံး ခေါင်းဆောင်ကောင်း
ကွန်မြူနစ်ကောင်း စစ်စစ်ဖြစ်ခဲ့တယ်။

# လွမ်းကြပါတော့

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး
အရေးတော်ပုံကြီးတလျှောက်
မှတ်ကျောက်တင် အစမ်းသပ်ခံ
တူတံဇဉ်အလံကို မြဲမြဲဆုပ်
အုပ်စိုးသူအဆက်ဆက်နဲ့ ယှဉ်ပြိုင်
အမိနိုင်ငံအပေါ် ချစ်မြတ်နိုး
ကွေ့ချိုးပေါင်းများကို ကျော်ဖြတ်
ကြီးမြတ်တဲ့ တော်လှန်ရေးသမားပီသစွာ
ဂုဏ်ပြောင်စွာ အားထုတ်ရင်း
အလင်းတေးတွေ သီခဲ့တယ်။

သက်ရှိထင်ရှား
ရှိနေသား အချိန်မှာပဲ
လက်ထဲက တူတံဇဉ်အလံ
ခေါင်းဆောင်ကိုင်စွဲလာခဲ့တဲ့ တော်လှန်ရေးအလံ
ပါတီရဲ့အောင်အလံကို
မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း
နည်းလမ်းတကျ အပ်နှံ
ဆက်ခံသူတွေကို အားပေးရင်း
ရင်တွင်းကလာတဲ့ စကားလုံးတွေနဲ့
နှလုံးသွေးတွေပါ စီးမျော
ဟောဒီလို ပြောခဲ့ရှာတယ်...
ရဲဘော်တို့ ... အခုအချိန်ဟာ
ပါတီရဲ့တော်လှန်ရေးအလံကို
မျိုးဆက်သစ်များထံ
အပ်နှံရမယ့် အချိန်ရောက်ပါပြီ။

## လွမ်းကြပါတော့

(၄)

နှင်းတွေ...
ကြွေနေစဲ
မျက်ရည်ဝဲနေတဲ့ ကောင်းကင်
ရှိက်သံဝင်နေတဲ့ ပန်းပွင့်
ရင်နင့်စဖွယ် မှိုင်းလျ
အေးလွန်လှတဲ့ ဆောင်းလည်ရက်
ရော်ရွက်တွေ ချွေနေတုန်း
မဆုံးနိုင်တဲ့ မြူလှိုင်းတွေ
တရိပ်ရိပ် ဝေနေတုန်း
နောက်ဆုံး ခွန်းဆက်တရား
မြွက်ဟထားပြီးသားမို့လား မပြောတတ်
နောက်ထပ်
နှုတ်ဆက်စကားလေးတောင် ထပ်မဆို
ရဲဘော်တွေအားလုံးကို ခွဲခွာ
ငြိမ်သက်စွာ အနားယူသွား
သေတမ်းစာလေးပဲ ထားခဲ့တယ်။

တပြည်လုံးသိတဲ့ ကြယ်နီ
ပါတီတခုလုံးရဲ့ ဥက္ကဋ္ဌ
ရတဲ့ခွင့်ပြုငွေလေးတောင် ကုန်အောင်မသုံး
အခြိုးခြံဆုံး နေထိုင်
အနိုင်မာဆုံး ရိုးသားမှုနှင့်
စံပြုလောက်အောင် ဖြူစင်

## လွှမ်းကြပါတော့

သူတော်စင်တယောက်လို စားသောက်ရင်း
ခေါင်းအုံးအောက်မှာ ချန်ပြီးသွား
ငွေသားယွမ်းငွေလေးက နှစ်ထောင်ငါးရာ
အသုံးအဆောင်ပစ္စည်းပစ္စယာလေးတွေက ခပ်နဲနဲ
အင်္ကျီဘောင်းဘီလေးတွေပဲ ကျန်ခဲ့တယ်။

ဥက္ကဋ္ဌကြီးရဲ့ ရုပ်ကလာပ်ပေါ်
ကြီးမြတ်တဲ့ တူတံစဉ်အလံ
လွှမ်းရုံပြီး ဖုံးအုပ်
အရိုးကုပ်ဆုံး ဈာပန
ပကာသန တခုမှမပါ
ပြာချပြီး သင်္ဂြိုလ်ရင်း
အံတင်း ဖြေဆည်ခဲ့ရတယ်...

အရိုးစ ပြာအိုးကို
ရိုကျိုးစွာ ဆောင်သယ်
မြစ်လယ်မှာ အသာမျှော
လိုက်မောစွာ ရှုငေးရင်း
တင်းထားရတဲ့ ပင့်သက်တွေ
မြောက်ပြန်လေးပေါ် သွန်ကျ
တစတစ...

ရေလည်ကြောမှာ
သဘော်နဲ့ သုံးပတ်ပတ်
သုံးထပ်သုံးကြိမ် အလေးပြုရင်း
ဖြေးဖြေးခြင်းလှည့်ကာ
အရိုးပြာအိုးငယ်ကို ဦးခိုက်

## လွှမ်းကြပါတော့

တိုက်ပွဲထဲက အာဇာနည်
ပြည်သူတွေရဲ့ သူရဲကောင်း
ခေါင်းဆောင်ကောင်းကြီးရဲ့ အရိုးပြာတွေဟာ
ရေစီးမှာ ပျော်ဝင်
မြစ်ပြင်ကနေ ပင်လယ်
ပင်လယ်ကနေ သမုဒ္ဒရာ
တရွေ့ရွေ့ဖြာဆင်း
အမိဗမာပြည်ရဲ့ အတွင်းဆီ
တနင်္သာရီ၊ ထားဝယ်၊ မြိတ်
ဇာတိရိပ် မွေးမြေအထိ
ရောက်ရှိပျံ့နှံ့နေပါစေ...

(၅)

ဝေချင်ပါလျက်
အဝေခက်ခဲ့ ဖိတ်စာ
လာချင်ပါစေလျက်
အလာခက်ခဲ့ ရဲဘော်
ခေါ်ချင်ပေလျက်
အခေါ်ခက်ခဲ့ မိတ်ဆွေ
ချွေချင်ပေလျက်
အချွေခက်ခဲ့ မိန့်ခွန်း
သွန်းထုချင်ပေလျက်
အသွန်းခက်ခဲ့ ရုပ်ထု
ပြုချင်ပေလျက်

# လွမ်းကြပါတော့

အပြုခက်ခဲ့ အလေးနီ
စီချင်ပါလေလျက်
အစီခက်ခဲ့ စာတမ်း
ကမ်းချင်ပါလေလျက်
အကမ်းခက်ခဲ့ ယပ်တောင်
ဆောင်ချင်ပါလေလျက်
အဆောင်ခက်တဲ့ ရုပ်ကလာပ်
စပ်ချင်ပါလေလျက်
အစပ်ခက်ခဲ့ ကဗျာ
ချပါလေလျက်
အချခက်ခဲ့ လွမ်းပန်းခွေ
မဝေနိုင်ခဲ့တဲ့ ဈာပန
ရှောင်သွေခဲ့ရတဲ့ ဈာပန
ဖြေဆည်ခဲ့ရတဲ့ ဈာပန
ခုမှ... ခုမှ...
**လွမ်းကြပါတော့ ရဲဘော်တို့ရေ**
**လွမ်းပါရစေတော့ ရဲဘော်တို့ရေ**
အမိမြေရဲ့ ဝေးရာမှာ
ကြွေသွားရှာတဲ့ ကြယ်နီ
'သခင်ဗသိန်းတင်' ဆိုတဲ့ ကြယ်နီကို
ကမ္ဘာတည်သရွေ့ မော်ကွန်းတင်ကြပါ။

၇ ၊ ၃ ၊ ၁၉၉၈

# ရဲဘော်တို့ရေ

